သရက်တပင် ကျေးရွာ

ပုလောမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂ - ၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သရက်တပင်ကျေးရွာ၊ ပုလောမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ မေလ

မာတိကာ

မာတိကာ

စကားချီး

သရက်တပင်ကျေးရွာ သယံဇာတပြဖြေပုံ၊ ပုလောမြို့နယ်

အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ငါးလုပ်ငန်း

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(င) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်း

(စ) ခရီးသွားလုပ်ငန်း

(ဆ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (၁)

စီမံချက်အဆိုပြုလွှာ (၂)

စီမံချက်အဆိုပြုလွှာ (၃)

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၂)

နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၃)

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆/၂၇ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင် ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက် နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် ပုလောမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့ သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြ ထားပါသည်။

၈ပြီလ၊ ၂၀၂၂ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သရက်တပင်ကျေးရွာ

ပုလောမြို့နယ်

သရက်တပင်ကျေးရွာ ကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်



သရက်တပင်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန် Sesonal Calendar



ကျောက်လုံးကြီးကျေးရွာအုပ်စု၊ သရက်တပင်ကျေးရွာ၏
ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ တည်ရှိမှုပုံစံပြ (Venn Diagram)



ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၀	၈၀	၉၇	၅၀

အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပုလောမြို့နယ်၊ သရက်တပင်ကျေးရွာအုပ်စုသည် ပုလောမြို့၏ အရှေ့မြောက်ဘက်တွင်တည်ရှိပြီး အရှေ့ဘက်တွင် ရွာလွင်ကုန်းကျေးရွာ၊ အရှေ့ကုန်းကျေးရွာ၊ အနောက်ဘက်တွင် ကံမော်ကြီးကျေးရွာ၊ အနောက်တောင်ဘက်တွင် ပြင်ဘုကျွန်း၊ တောင်ဘက်တွင် ပြင်ဘုငယ်ကျေးရွာ၊ မြောက်ဘက်တွင် ခူဘုတ်ကျေးရွာနှင့် ညောင်ရှင်ကုန်းကျေးရွာတို့ဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။ သရက်တပင်ကျေးရွာ၏ အကျယ်အဝန်းမှာ ဧကအားဖြင့် (၄၇၇၅)ဧကရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

သရက်တပင်ကျေးရွာတွင် ပူနွေးစိုစွတ်သောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၄၁.၅)ဒီဂရီစင်တီ ဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်(၁၄.၅)ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ သဘာဝ အရင်းအမြစ်များမှာ ကညင်ပင်၊ ပိတောက်၊ သပြေပင်၊ သစ်ယား၊ တကူ စသည့်အခြားသစ်ပင်များစွာရှိပါသည်။ ပင်လယ်ကမ်းနားဘက်တွင် လမု၊ လမဲ့ပင်များ ပေါက် ရောက်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

သရက်တပင်ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ အသင့်တင့်ရှိပါသည်။ ကျေးရွာ၏လူမှုရေး၊ပညာရေး၊ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ဂေါပက အဖွဲ့၊ ပရဟိတ အဖွဲ့၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အမျိုးသား/အမျိုးသမီးအဖွဲ့စသည်ဖြင့် ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်းဆက်သွယ် ဆောင်ရွက်မှုအားနည်းလျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်း ခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်း များနှင့်ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) **သီးနှံစိုက်ပျိုးရေး**

သရက်တပင်ကျေးရွာတွင် သီနှံစိုက်ပျိုးရေးနှင့်ပတ်သက်၍ အဓိကစိုက်ပျိုးသည့် သီးနှံမှာ ဆန်စပါး စိုက်ပျိုးပါသည်။ အခြားစိုက်ပျိုးသည့်သီးနှံများမှာ ရှောဘာ၊ကွမ်းသီး၊ အုန်းသီးနှင့်

ဆောင်းသီးနှံတို့ကို အနည်းငယ်သာ စိုက်ပျိုးထားရှိပါသည်။ မြေလွတ်မြေလပ် မရှိသည့်အတွက် စီးပွားဖြစ် စိုက်ပျိုးနိုင်ခြင်းမရှိပါ။ စိုက်ပျိုးမြေများအသင့်တင့်ရှိ သော်လည်း မြေဩဇာ မကောင်းခြင်း မြေဆီလွှာမကောင်းခြင်းတို့ကြောင့် ဆင်းရဲသား တောင်သူလယ်သမား များအတွက်အခက်တွေ့နေရပါသည်။ စိုက်ပျိုးမြေများ မတိုးချဲ့နိုင် သည့်အပြင် စိုက်ပျိုးရေအရင်း အမြစ်များအလွယ်တကူမရရှိနိုင်သည့် အခက်အခဲ များလည်းရှိပါသည်။ အခြားသော သီးနှံစိုက်ပျိုးမှုများတွင်လည်း ပိုးမွှားရောဂါ ကျရောက်ခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်း၊ ဈေးကွက်မမှီခြင်းများဖြစ်သည့်အတွက် စိုက်ပျိုးရေး နည်းပညာပေး သင်တန်းများဖွင့်လှစ် ပို့ချပေးနိုင်ပါရန်နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာနှင့် ချိတ်ဆက်ဆောင်ရွက်မည့် နည်းလမ်းများ ကိုလိုအပ်လျက်ရှိပါသည်။

(ခ) **မွေးမြူရေးလုပ်ငန်း**

သရက်တပင်ကျေးရွာတွင်မွေးမြူရေးနှင့်ပတ်သက်၍ (ကြက်၊ ဝက်၊ ဘဲ၊နွားဆိတ်) စသည့် တိရစ္ဆာန်များကိုတစ်နိုင်တစ်ပိုင်မွေးမြူထားကြပါသည်။ စားကျက်မြေများ လုံလောက်မှုမရှိ သောကြောင့် စီးပွားဖြစ်မွေးမြူနိုင်သည်အဆင့်ထောင်စု မရှိသလောက် နည်းပါး ပါသည်။ စီးပွားဖြစ် မွေးမြူသည့် အိမ်အနည်းစုမှာလည်း ဈေးကွက်အနေဖြင့် ကျေးရွာတွင် သာရောင်းချကြရပါသည်။ ထို့အပြင် မျိုးကောင်းမျိုးသန့်များဝယ်ယူ၍ မမွေးမြူနိုင်သည့် အတွက် ကာလရှည်ချေးငွေများ လိုအပ်လျက်ရှိပြီး တိရစ္ဆာန်ရောဂါကျရောက်မှုရှိသည့် အတွက် မွေးမြူရေးနှင့်ကုသရေးဌာနမှ နည်းပညာပေးသင်တန်းနှင့် အချိန်မီဆေးကုသ ပေးရန် လိုအပ်လျက်ရှိပါသည်။

(ဂ) **ငါးလုပ်ငန်း**

သရက်တပင်ကျေးရွာတွင် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းနှင့် ကမ်းလွန်ငါးဖမ်း လုပ်ငန်းများလည်း စီးပွားဖြစ်လုပ်ကိုင်လျက် ရှိပါသည်။ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူအများအပြားရှိပြီး၊ ကမ်းလွန်(ဝါလပ်၊ ဝါဒနိုး) ငါးဖမ်းလုပ်ကိုင်သူအိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကမ်းနီးငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် နည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံများအားနည်းနေကြပါသည်။

(ဃ) **စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

သရက်တပင်ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ လက်ဖက်ရည်ဆိုင် ၊ စက်ချုပ်၊ အစိုးရဝန်ထမ်း၊ လက်သမား၊ သံပန်း၊ တံငါ၊ ပန်းရံလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ ကျဘန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စပါးအခစိုက်ခြင်း၊ လယ်ယာမြေဌားရမ်း လုပ်ကိုင်သူများနှင့် နေ့စား အလုပ်သမားများအဖြစ်

လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြ ပါသည်။ အထူးသဖြင့် ဝင်ငွေရရှိရန် ရှမ်းပြည် (ထိုင်းနိုင်ငံ) သို့သွားရောက် လုပ်ကိုင်လေ့ရှိသည်။ လုပ်အားခများကို အိမ်တွင် ကျန်ခဲ့သော မိသားစုများထံပို့၍ စားဝတ်နေရေးကို ဖြေရှင်းကြရသည်။ အကယ်၍ ငွေပို့မှုနောက်ကျပါက (သို့) မလုံလောက်ပါက မိတ်ဆွေ၊ ဆွေမျိုးများထံမှချေးယူ၍ စားဝတ်နေရေးကို ဖြေရှင်းကြရသည်။ ဘွဲ့ရအများစုမှာ ဒေသတွင်ပြန်လည်အခြေချသူထက် ပြည်ပနိုင်ငံ များသို့ သွားရောက်လုပ်ကိုင်သူ အရေအတွက်မှာ ပိုမိုများပါသည်။ ပြည်ပ (ထိုင်းနိုင်ငံ)သို့ သွားရောက်လုပ်ကိုင်ခြင်း မဟုတ်လျှင် ဒေသအတွင်းပင် နိုင်ငံဝန်ထမ်း လုပ်ကိုင်သူနှင့် မိဘလုပ်ငန်းများကို ဆက်လက် လုပ်ကိုင်ကြပါသည်။ထိုကြောင့် သက်မွေး ဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ပို့ချပေးရန်လိုအပ်လျက်ရှိပါသည်။

(c) **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ဆန်စပါး၊ ရာဘာ၊ ကွမ်းသီး၊ ငါး၊ပုစွန်၊ငပိ၊ငါးခြောက်နှင့် ဟင်းသီးဟင်းရွက်တို့ပါဝင်ပါသည်။ ပုလောမြို့နှင့် သွားလာရ ဝေးသည့် ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချ နိုင်ပါသည်။

(စ) **ခရီးသွားလုပ်ငန်း**

သရက်တပင်ကျေးရွာတွင်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမရှိပါ။

(ဆ) **ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

သရက်တပင်ကျေးရွာတွင် လယ်ယာလုပ်ကိုင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများရှိပါသည်။ အဖွဲ့အလိုက်ငွေစုငွေချေးအစီအစဉ်၊ ချေးငွေကုမ္ပဏီ များမှ ငွေစုငွေချေးလုပ်ငန်းများလည်းရှိပါသည်။ အဓိကအားဖြင့် ဆွေးမျိုးများထံမှ ချေးယူ ကြပြီး ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်းဖြစ်ပါသည်။ အတိုးနှုန်းမှာ (၁၀%) အတိုးနှုန်း ဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ် လိုအပ်ပါသည်။ ပိုင်ဆိုင်မှု မရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေကို အကြောင်း အရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေကြောင်းတွေ့ရှိရပါသည်။ ထိုကြောင့် အစိုးရဘဏ် များမှအတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးငွေများ ထုတ်ချေး ပေးပါက မိသားစု စားဝတ်နေရေးနှင့် ကိစ္စအဝဝအတွက် မှီခို အဆင်ပြေနိုင်ကြောင်း တွေ့ရှိရ ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) **ကျေးလက် သယ်ယူပို့ဆောင်ရေး**

သရက်တပင်ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအနေဖြင့် ကုန်းလမ်းအတွက် ကား/ဆိုင်ကယ်ကို အဓိကထားအသုံးပြုရပြီး ရေကြောင်းလမ်းအတွက် လှေ/သမ္ဘာန်နှင့် စက်လှေကို အသုံးပြုရပါသည်။ သို့ရာတွင် ကျေးရွာတွင်းလမ်းအများစုသည် ကွန်ကရစ် လမ်းများဖြစ်သည့် အတွက်မိုးရာသီတွင် သွားလာရအဆင်ပြသည့်အတွက် ကျန်းမာရေးနှင့် လူမှုရေးကိစ္စအဝဝတွင် အခက်အခဲမရှိ အဆင်ပြေသည့်ကျေးရွာဖြစ်ပါသည်။

(ခ) **ကျေးရွာ မီးလင်းရေး**

သရက်တပင်ကျေးရွာတွင် (၂၄)နာရီမီး ရရှိနေပြီဖြစ်ပါသည်။ သို့ရာတွင် ကျေးရွာတွင်း ၌ ဒီဇယ်အင်ဂျင်ဖြင့် မီးလင်းရေး ဆောင်ရွက်နေသော်လည်း တစ်ရက်လျှင်(၉၀၀)ကျပ်ဖြင့် ညနေ(၆) နာရီမှည(၁၀)နာရီအထိ ဆောင်ရွက်ပေး လျက်ရှိပါသည်။ အချို့အိမ်ထောင်စု များမှာ ဆိုလာမီး၊ ဖရောင်းတိုင် နှင့်ရေနံဆီမီးခွက်တို့ကို အသုံးပြုနေရသည့်အတွက် မီးဘေး အန္တရာယ်အတွက် အလွန်စိုးရိမ်ရပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သောအိမ်များတွင် ကျောင်းသား/သူများ အတွက် ပညာရေးအခက်အခဲဖြစ်စေပြီး သတင်းအချက်အလက် နည်းပညာဗဟုသုတများ ကိုလေ့လာရန် အခက်တွေ့စေပါသည်။

(ဂ) **သတင်းနှင့် ဆက်သွယ်ရေး**

သရက်တပင်ကျေးရွာတွင်ဆက်သွယ်ရေးအနေဖြင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ရေဒီယို၊ တီဗွီ၊ ဂြိုလ်တု စလောင်းတို့မှရရှိပြီး တယ်လီဖုန်း အင်တာနက်မှ သတင်းအချက်အလက်အများဆုံးရရှိပါသည်။ သရက်တပင်ကျေးရွာတွင် (Mytel) တာဝါတိုင် (၁)တိုင် တည်ဆောက်ထားပါသဖြင့် ဖုန်းလိုင်းရရှိမှု ကောင်းမွန်ပါသည်။

၆။ ပညာရေး

သရက်တပင်ကျေးရွာတွင် (အ.ထ.က(ခွဲ)) ကျောင်း(၁)ကျောင်းရှိပါသည်။ ကျေးရွာရှိ အ.ထ.က(ခွဲ)စာသင်ကျောင်းတွင် ကျောင်းသားဦးရေမှာ(၂၈၆)ဦးရှိသည့်အတွက် လက်ရှိ ကျောင်းသား/သူဦးရေပိုမိုများပြားလာရန်အတွက် အဘက်ဘက်မှ ဝိုင်းဝန်းဆောင်ရွက် ပေးရန်လိုအပ်လျက်ရှိပြီး ကျောင်းသား/သူများကျောင်းနေပျော်၍ ဘက်စုံဖွံ့ဖြိုးတိုးတက် စေရန် အတွက် ကျောင်းအားကစားကွင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာမှုကို ဆောင်ရွက် ရန်လိုအပ်နေပါသည်။

၇။ ကျန်းမာရေး

သရက်တပင်ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲ(၁)ခုရှိပါသည်။ ကျေးရွာတွင်ကျန်းမာရေးနှင့်ပတ်သက်၍ ရာသီအလိုက် ကာကွယ်ဆေးထိုးခြင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ အသိပညာပေးခြင်းဟောပြောပွဲများလည်းပြုလုပ် လျက်ရှိပါသည်။ ကျန်းမာရေး ဝန်ထမ်းအိမ်ရာ မရှိသည့် အတွက် အခက်အခဲဖြစ်နေပါသည်။ ထို့ပြင် ကျေးရွာတွင် ရိုးရိုး နေမကောင်းဖြစ်သည့် သူများ၊ သာမန်ဖျားနာသူများကို ဆေးပေးခန်းမှ စားဆေး၊ ထိုးဆေး တို့ဖြင့် သက်သာမှုရရှိပြီး ရောဂါပြင်းထန်သည့်လူနာများသည် ပုလောပြည်သူ့ ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူရသည်။ ကျေးရွာတွင် ရွာခံသူနာပြုဆရာမ ရှိသည့်အတွက် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု ရှိသော်လည်းဆေးကုသရန် ကုတင်လိုအပ်မှုလည်းရှိပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သရက်တပင်ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှု မရှိပါ။ သို့ရာတွင် ပင်လယ်နှင့်နီးသည့်အတွက် ဒီရေတက်ချိန်တွင် ကျေးရွာတွင်းသို့ ဆားငံရေဝင်ရောက်မှု ရှိပါသည်။အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင် ကာကွယ်ရမည့် နည်းလမ်းများ လည်းထားရှိမှုမရှိပါ။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အနေဖြင့် အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက်ရှိ ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်ပတ်သက်သည့် အသိပညာပေးဟောပြော ပွဲများပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ခြင်းလုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

သရက်တပင်ကျေးရွာတွင်အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့်အမျိုးသားဦးရေမှာ ကွာခြားမှု အနည်းငယ်မျှသာရှိပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှု နှုန်းမှာ အလွန်ပင်နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီး များသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချ ဧကန်တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာ ကျေးရွာတွင် အမျိုးသမီးများ ၏တစ်နေ့ အနည်းဆုံးလုပ်ခသည် (၇၀၀၀)ကျပ်ဖြစ်ပြီး အမျိုးသားများ၏ တစ်နေ့အနည်းဆုံးလုပ်ခသည် (၁၅၀၀၀)ကျပ် ဖြစ်ပါသည်။ ထိုကြောင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု ကိုမှီခိုနေရသူ သည်ဝမ်းစာဖူလုံမှု မရှိသည်ကို တွေ့ရှိရပြီး ထိုမတူညီသော လုပ်အားခများကအမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးကို နိမ့်ကျ စေပါသည်။ ထိုမတူညီမှုကို ပြေလည်အောင်ဖြေရှင်းပေးခြင်းဖြင့် အမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးကိုမြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး၊ လူမှုရေး၊

အုပ်ချုပ်ရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

(၁) ကျေးရွာတွင်းမြေသားလမ်းအား ကွန်ကရစ်အဆင့်မြှင့်တင်ရန်လိုအပ်ခြင်း

(၂) ကျန်ရှိသောကျေးရွာတွင်းမြေသားလမ်းများအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ရတ်လိုအပ်ခြင်း

(၃) ကျေးရွာတွင်းလမ်းမီးတိုင်များလိုအပ်ခြင်း

(၄) မြစိမ်းရောင်ချေးငွေလိုအပ်ခြင်း

(၅) ရေဆိပ်ဆင်းမြေသားလမ်းထပ်တင်ခြင်း

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

ကျေးရွာ	– သရက်တပင်
ကျေးရွာအုပ်စု	– ကျောက်လုံးကြီးကျေးရွာအုပ်စု
မြို့နယ်	– ပုလော
တိုင်းဒေသကြီး / ပြည်နယ်	– တနင်္သာရီ
စီမံချက်အမည် – ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်း(၃၂၅' x၁၀'x ၆'') အဆင့်မြှင့်တင်ခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ –ကျေးရွာတွင်းလမ်းမှာ ကျောက်ခင်းလမ်းဖြစ်ခြင်း၊ သွားလာရခက်ခဲခြင်း၊ အချိန်ကုန်ခြင်း၊ ခရီးလမ်းနှောက်နှေးကြံ့ကြာခြင်း။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) – ကျေးရွာတွင်းလမ်းကောင်းမွန်သဖြင့် သွားလာရေးလွယ်ကူမြန်ဆန်ခြင်း၊ – အချိန်အခါမရွေးသွားလာနိုင်ခြင်း၊ ကျေးရွာ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်လာခြင်း –ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေခြင်းနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း၊	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) – ကျေးရွာတွင်းရှိ နေထိုင်သူများ၏ လမ်းပန်းဆက်သွယ်ရေးလွယ်ကူလာခြင်း၊ ကုန်စည်ကူးသန်းမှု တိုးတက်ကောင်းမွန်လာခြင်း၊ – သွားရေးလာရေးအတွက် အချိန်ကုန်သက်သာခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်း၊	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) ရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း(ပေ၁၀၀၀)	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀၀၀၀၀၀၀(ငွေသား) • ၅၀၀၀၀၀၀(ငွေသား) • ၅၀၀၀၀၀၀(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၈၆၅	၇၅၄	၁၆၁၉	၉၀	၈၁၉	၇၀၀	၁၀	၁၆၁၉
အကျိုးခံစားမည့်သူဦးရေ	၈၆၅	၇၅၄	၁၆၁၉	၉၀	၈၁၉	၇၀၀	၁၀	၁၆၁၉
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) . ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန . ကျေးရွာသူ/သားများ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ
(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် – . ကွန်ကရစ်လမ်းဖောက်လုပ်ရာတွင် လုပ်သားအင်အားအတွက် ကျေးရွာမှ ကူညီဆောင်ရွက်ပါမည်။ .လိုအပ်ပါက ကျေးရွာအဖက်ဖက်မှ သင့်တင့်သောငွေကြေးနှင့်လုပ်အားထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်

ငွေကြေးဆိုင်ရာ အစီအစဉ်များ -ကျေးရွာလူထုအစည်းအဝေးခေါ်ယူပြီးနောက်လိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။ . ရေရှည်တည်တံ့ရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။ .ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျောင်းကော်မတီနှင့် ကျေးရွာသူ/ကျေးရွာများမှ ပူးပေါင်း၍ တာဝန်ယူထိန်းသိမ်းသွားပါမည်။ .စီမံကိန်းပြီးလျှင်ပြီးချင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့အချက်အလက် ပြည့်စုံစွာနှင့် တင်ပြသွားပါမည်။

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

ကျေးရွာ	-သရက်တပင်
ကျေးရွာအုပ်စု	- ကျောက်လုံးကြီးကျေးရွာအုပ်စု
မြို့နယ်	- ပုလော
တိုင်းဒေသကြီး / ပြည်နယ်	- တနင်္သာရီ
စီမံချက်အမည် - ကျန်ရှိသောကျေးရွာတွင်းမြေသားလမ်းများအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ရတ်လိုအပ်ခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ - ကျေးရွာတွင်းလမ်းမှာ ကျောက်ခင်းလမ်းဖြစ်ခြင်း၊ သွားလာရခက်ခဲခြင်း၊ အချိန်ကုန်ခြင်း၊ ခရီးလမ်းနှောက်နှေးကြံ့ကြာခြင်း။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒ ဖော်ပြရန်) - ကျေးလက်လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) -ကျေးရွာတွင်းလမ်းကောင်းမွန်သဖြင့် သွားလာရေးလွယ်ကူမြန်ဆန်ခြင်း၊ - အချိန်အခါမရွေးသွားလာနိုင်ခြင်း၊ ကျေးရွာ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်လာခြင်း	

-
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) ကျေးရွာတွင်းရှိ ကျန်ရှိသောမြေသားလမ်းများ ကွန်ကရစ်လမ်း အဖြစ်အဆင့်မြှင့်တင်ရန် လိုအပ်ခြင်း
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• ၁၀၀၀၀၀၀(ငွေသား) • ၁၀၀၀၀၀၀ (ငွေသား) • ၅၀၀၀၀၀ (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၈၆၅	၇၅၄	၁၆၁၉	၉၀	၈၁၉	၇၀၀	၁၀	၁၆၁၉
အကျိုးခံစားမည့်သူဦးရေ	၈၆၅	၇၅၄	၁၆၁၉	၉၀	၈၁၉	၇၀၀	၁၀	၁၆၁၉
မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) -. ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန . ကျေးရွာသူ/သားများ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ
(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

-ရေငံဝင်ရောက်မှု တားဆီးနိုင်ရန်အတွက် လိုအပ်သော မြေနေရာအတွက် ကျေးရွာမှ လျှုဒါန်းမှုများဆောင်ရွက်ပါမည်။ .လိုအပ်ပါက ကျေးရွာအဖက်ဖက်မှ သင့်တင့်သောငွေကြေးနှင့်လုပ်အားထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ကျေးရွာလူထုအစည်းအဝေးခေါ်ယူပြီးနောက်လိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။ . ရေရှည်တည်တံ့ရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။ .ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျောင်းကော်မတီနှင့် ကျေးရွာသူ/ကျေးရွာများမှ ပူးပေါင်း၍ တာဝန်ယူထိန်းသိမ်းသွားပါမည်။ .စီမံကိန်းပြီးလျှင်ပြီးချင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့အချက်အလက်ပြည့်စုံစွာနှင့် တင်ပြသွားပါမည်။

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

ကျေးရွာ	- သရက်တပင်
ကျေးရွာအုပ်စု	- ကျောက်လုံးကြီးကျေးရွာအုပ်စု
မြို့နယ်	-ပုလော
တိုင်းဒေသကြီး / ပြည်နယ်	- တနင်္သာရီ
စီမံချက်အမည် - ကျေးရွာတွင်းလမ်းမီးတိုင်များလိုအပ်ခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ -သရက်တပင်ကျေးရွာတွင် လိုအပ်နေသောလမ်းသွယ်များတွင် လမ်းမီးတိုင်များ တပ်ဆင်ရန်လိုအပ်ခြင်း -ကျေးရွာတွင်းလမ်းများတွင် လမ်းမီးတိုင်များရှိသော်လည်း ကျေးရွာတွင်းလုံခြုံရေးနှင့် မီးအလင်းရောင်ကောင်းမွန်စွာရရှိနိုင်ရန် လမ်းမီးတိုင်များလိုအပ်လိုက်ရှိပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား	ပိုကောင်းအောင်ဆောင်ရွက်လိုသည့်

ဆန္ဒဖော်ပြရန်) -တစ်နှစ်ပတ်လုံးသွားလာရေးအဆင်ပြေချောမွေ့စေရန်နှင့် ကျေးရွာတွင်းလုံခြုံရေးကောင်းမွန်စေရန် -ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) - ကျေးရွာအတွင်းရှိနေထိုင်သူများ၏ လမ်းများတွင်အလင်းရောင် ကောင်းမွန်စွာရရှိ စေခြင်း -ညီပိုင်းသွားလာရေးအတွက် အဆင်ပြေချောမွေ့စေခြင်း
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) - ဝက်တိုးပြင်လမ်းအားမြေသားလမ်းထပ်တင်ခြင်းလမ်းအရှည် = ၁၈၀၀ ပေ - လမ်းအကျယ် = ၁၈ပေ - လမ်းထု = ၆ လက်မ

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀၀၀၀၀၀(ငွေသား) • ၁၀၀၀၀၀ (ငွေသား) • ၁၀၀၀၀၀ (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၈၆၅	၇၅၄	၁၆၁၉	၉၀	၈၁၉	၇၀၀	၁၀	၁၆၁၉
အကျိုးခံစားမည့်သူဦးရေ	၈၆၅	၇၅၄	၁၆၁၉	၉၀	၈၁၉	၇၀၀	၁၀	၁၆၁၉
မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) –. ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန . ကျေးရွာသူ/သားများ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ
(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၂၆ခုနှစ်၊ နိုဝင်ဘာလ
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် – –လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများအား ကျေးရွာမှထည့်ဝင်ပါမည်။ .လိုအပ်ပါက ကျေးရွာအဖက်ဖက်မှ သင့်တင့်သောငွေကြေးနှင့်လုပ်အားထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ –ကျေးရွာလူထုအစည်းအဝေးခေါ်ယူပြီးနောက်လိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။ . ရေရှည်တည်တံ့ရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။ .ကျေးရွာတွင်းမြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ပြီးပါကပြုပြင်ထိန်းသိမ်းခြင်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊လမ်းကော်မတီနှင့် ကျေးရွာသူ/ကျေးရွာများမှ ပူးပေါင်း၍ တာဝန်ယူထိန်းသိမ်းသွားပါမည်။ .စီမံကိန်းပြီးလျှင်ပြီးချင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အချက်အလက်ပြည့်စုံစွာနှင့်တင်ပြသွားပါမည်။

သရက်တပင်ကျေးရွာ၊ ကျောက်လုံးကြီးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးစိုးရိန်	ဦးထွန်းနွယ်	ဖ/ပလန(နိုင်)၀၁၆၂၁၂	၅၄	ဥက္ကဋ္ဌ	09-452047211
၂	ဦးအောင်မင်းစိုး	ဦးဖေရိန်	ဖ/ပလန(နိုင်)၀၅၂၃၇၉	၄၁	ဥက္ကဋ္ဌ(၀ယ်ယူရေးဆပ်ကော်မတီ)	09-669391912
၃	ဦးမိုးဇော်	ဦးတင်ညွန့်	ဖ/ပလန(နိုင်)၀၆၄၅၃၆	၄၃	အတွင်းရေးမှူး	09-690605449
၄	ဦးဇော်မင်းဦး	ဦးအောင်လင်း	ဖ/ပလန(နိုင်)၀၄၅၈၃၈	၄၇	အဖွဲ့ဝင်	09-6610011
၅	ဦးအောင်နိုင်	ဦးမောင်သက်	ဖ/ပလန(နိုင်)၀၄၈၁၃၀	၅၆	အဖွဲ့ဝင်	
၆	ဒေါ်ချိုဝင်း	ဦးအောင်သင်း	ဖ/ပလန(နိုင်)၀၁၇၁၂၄	၅၅	အဖွဲ့ဝင်	09-781770267
၇	ဒေါ်ထွေးရီ	ဦးစက်ရှိ	ဖ/ပလန(နိုင်)၀၅၃၁၄၆	၅၂	စာရင်းကိုင်	09698276709

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (ခ) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၈	၆	၁၄
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၆၀	၄၁	၁၀၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၈၆	၇၀	၁၅၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၃၁	၅၉	၁၉၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၅၄၀	၅၀၇	၁၀၄၇
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၄၀	၇၁	၁၁၁
စုစုပေါင်း		**၈၆၅**	**၇၅၄**	**၁၆၁၉**
စုစုပေါင်း အိမ်ထောင်စု		**၂၄၇**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ သရက်တပင်ကျေးရွာတွင် အိမ်ထောင်စု (၂၄၇)စုရှိပြီး၊ လူဦးရေ စုစုပေါင်း (၁၆၁၉) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၆.၆) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ် နိုင်သော လူဦးရေမှာ ၆၄% ရှိပြီး (၁၅) နှစ်အောက် လူဦးရေ စုစုပေါင်း ၂၈% သည် မှီခိုသူများ ဖြစ်ကြပါသည်။ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၆.၅) ဦးနှုန်းရှိ သောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၆) ဦး နှုန်းထက် ရှိနေပါသည်။သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှု ကြောင့် လူသားအရင်းအမြစ် ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော်အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ဝင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၀	၆၀	၁၇	မြင့်☑လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၂၀	-	၇	မြင့်☐လတ်☐နိမ့်☑
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၁၃	၄၀	၅	မြင့်☑လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၇	၄၀	၉	မြင့်☐လတ်☑နိမ့်☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၂၀	၃၀	၈	မြင့်□လတ်☑နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	–	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၄	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၁၈	၆	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော်လည်း အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	၁	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော်အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	၁	မြင့်□လတ်□နိမ့်☑
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၆၀	၈၀	၂၆	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၈၀	၁၀၀	၁၁	မြင့်□လတ်☑နိမ့်□
	စုစုပေါင်း				☒

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။

။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"**

ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများ နေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ သရက်တပင်ကျေးရွာတွင် လယ်ယာလုပ်ငန်းကို ဦးစားပေးလုပ်ကိုင် လုပ်ကိုင်ကြပြီး အဆိုပါလုပ်ငန်းတွင် နေ့စားလုပ်သားများ၊ လယ်ငှားလုပ်သားများအဖြစ် လုပ် ကိုင်သူ အိမ်ထောင်စုအများစုရှိကြပါသည်။ လယ်ယာလုပ်ငန်းအပြင် စိုက်ပျိုးရေးလုပ်ငန်းအဖြစ် ရာဘာ၊ ကွမ်းသီးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းကို တစ်ပိုင်တစ်နိုင်အဖြစ် အိမ်တိုင်းနည်းပါးအနည်းငယ်စီလုပ်ကိုင်ကြပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူ လက်သမား၊ ပန်းရံ၊ သံပန်း၊ စတီးလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာရှိပါသည်။ ထို့အပြင် တစ်ပိုင်တစ်နိုင်စျေးဆိုင်များ လုပ်ကိုင်သူ အနည်းငယ်ရှိပြီး နိုင်ငံ့ဝန်ထမ်း(ပညာရေးဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်း) လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် ပြည်ပနိုင်ငံများတွင် (ထိုင်းနိုင်ငံ) သို့ သွားရောက်လုပ်ကိုင်သူဦးရေ အများအပြားရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၅၀၀၀	၈၀၀၀	၇၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၁၅၀၀၀	-	၈၀၀၀	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၅၀၀၀	၄၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၅၀၀၀	၁၀၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ပြင်ဆင်ရေး					
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်။ (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ=(တစ်နာရီဝင်ငွေ× ၈)

လေ့လာတွေ့ရှိချက်။ ။သရက်တပင်ကျေးရွာတွင် အများဆုံးလုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေး(လယ်)လုပ်ငန်းတွင် နေ့စားပုတ်ပြတ်အလုပ်လုပ်သူများကို ဆိုလိုသည်။တစ်နေ့တွင် အမျိုးသား(၉၀၀၀)၊ အမျိုးသမီး(၅၀၀၀)ကျပ် ရရှိပါသည်။ငါးလုပ်ငန်းတွင် အမျိုးသား(၁၅၀၀၀)ကျပ် ရရှိပါသည်။ထုတ်ကုန်လုပ်ငန်းတွင် အမျိုးသား(၅၀၀၀)ကျပ်၊ အမျိုးသမီး(၄၀၀၀)ကျပ်ပန်းရံလုပ်ကိုင်သူများတွင် အမျိုးသား(၁၅၀၀၀)၊ အမျိုးသမီး (၇၀၀၀) ကျပ်ခန့် ရရှိပါသည်။ထိုကြောင့် ကျေးရွာတွင် နေ့စားအလုပ်လုပ်သူနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများရှိသည့်အတွက် အလုပ် အကိုင်အခွင့်အလမ်းများရရှိရန်လိုအပ်လျက်ရှိပြီး အမျိုးသားများနှင့် အမျိုးသမီးများ၏ လုပ်အား ခသည် တန်းတူမရသည့်အတွက် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စု မိသားစုသည် စားဝတ်နေ ရေးမဖူလုံမှုများရှိသည်ကို လေ့လာတွေ့ ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

၈ယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၃၆၈	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၈	ကောင်း ☐	သင့်☐	ညံ့ ☑
ဥယျာဉ်ခြံမြေ	၁၃	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	၉၀	ကောင်း ☐	သင့်☑	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	၃	ကောင်း ☐	သင့်☑	ညံ့ ☐
စုစုပေါင်း	၁၄၈၂	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့)မွေးမြူ ရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။သရက်တပင်ကျေးရွာတွင် လယ်မြေစိုက်ဧကအသင့်တင့် ရှိသော်လည်း မြေဆီလွှာပျက်စီးခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်းများရှိပြီးစိုက်ပျိုး မြေများမခွဲထွင်နိုင်ခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များမမှန်ကန်ခြင်း၊ နည်းပညာအားနည်းခြင်း၊ ဈေးကွက်လက်လှမ်းမီမှုနည်းခြင်း စသည့်အခက်အခဲပြဿနာများရှိနေသည့်အတွက် စိုက်ပျိုးရေး နည်းပညာပေးသင်တန်းများလိုအပ်လျက်ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။သရက်တပင်ကျေးရွာတွင်သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ သဘာဝအပင်မျိုးစိတ်များ၊ ဘဘာဝတိရိစ္ဆာန်မျိုးစိတ်များ၊ ကျောက်၊သဲ၊ ကျောက်စရစ် စသည်များ ထွက်ရှိခြင်းမရှိသည့်အတွက် အခြားကျေးရွာများမှ ဝယ်ယူနေရပြီး သဘာဝ အပင်မျိုးစိတ်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များထွက်ရှိမှုမရှိသည်အတွက် အခြားနေရာမှ ဝယ်ယူအသုံးပြုနေရသည် ကိုလေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၀	၈၀	၉၇	၅၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ သရက်တပင်ကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏(၂၀)အိမ်ခန့် သည် အဆင်ပြေသောအိမ်ထောင်စုများဖြစ်ကြပြီး အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ(၈၉)အိမ်ရှိ၍ မပြေလည်သောအိမ်ထောင်စုမှာ(၁၀၄)အိမ်ရှိပြီး အလွန်မပြေလည်သော အိမ်ထောင်စုမှာ (၅၀)အိမ်ရှိ သည့်အတွက် ကျေးရွာတွင်ဆင်းရဲသောအိမ်ထောင်စုများနေပြီး မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများရှိနေသည်ကိုလေ့လာတွေ့ရှိရပါသည်။

(ငါ) ထိခိုက်လွယ်မှု

(ငါ-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၃_____ လုပ်အားခကြိုယူ= _____၄_____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၅_____ လုပ်အားခကြိုယူ= _____၃_____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၄_____ လုပ်အားခကြိုယူ= _____၂_____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။သရက်တပင်ကျေးရွာတွင် ဥစ္စာဓနစစ်တမ်းကောက်ယူမှုအရ မပြေလည်သောအိမ်ထောင်စု (၂.၆)ရာခိုင်နှုန်းနှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၂.၄)ရာခိုင်နှုန်း ၊ ဝမ်းစာဖူလုံမှု စစ်တမ်းအရ အဆင့် (၃)နှင့်(၄) သည် လုပ်အားခ ကြိုယူခြင်းနှင့် ချေးယူ၍ အခက်အခဲများဖြေရှင်းကြရပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖခင်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-

အကြောင်းအရာ	ကျား	မ	ပေါင်း
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၁		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၃		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၂၃		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သရက်တပင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှာမရှိသော သက်ကြီးရွယ်အို လူဦးရေမရှိသော်လည်းဆင်းရဲ၍ မိသားစုဦးရေ များသည့်အမျိုးသမီး ဦးဆောင်သောအိမ်ထောင်စုနှင့် မုဆိုးဖို/တစ်ခုလပ်ဦးဆောင်သောအိမ် ထောင်စု(၁၁)စုရှိပြီး အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု (၂၃)စုရှိသည့်အတွက် ထိခိုက်လွယ်မှုအခြေအနေရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☑လတ် ☐နိမ့်☐မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐လတ် ☑နိမ့်☐မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၆	မုန်တိုင်း	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၇	ငလျင်	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၈	မီးဘေး	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐လတ် ☐နိမ့် ☑မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □လတ် □နိမ့်☑မရှိ □
၁၂	ငှက်ဖျားရောဂါ	မြင့် □လတ် □နိမ့်☑မရှိ □
၁၃	တီဘီရောဂါ	မြင့် □လတ် □နိမ့်☑မရှိ □
